# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

May 14, 2024 | Volume 78, Number 9

၁၄.၅.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၃၄၅ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၄၀၀၀ |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၆၅.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၁.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၃၆.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၆.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၀.၁၆ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၄၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၃.၄၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၄.၁၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၁၇၄ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## ဈေးအနည်းငယ်ပြန်လည် မြင့်တက်လာခဲ့တဲ့ မတ်ပဲနဲ့ပဲစင်းငုံနီ




မတ်ပဲကတော့ ပြီးခဲ့တဲ့ တစ်ပတ်တာလုံး အတက်အကျ အနည်းငယ်ရှိနေရာမှ သောကြာနေ့မှာတော့ ဈေးပြန်မြင့်တက်လာခဲ့ပြီး စနေမှာပါ အတက်ဈေးနဲ့ရှိနေခဲ့ပါတယ်။ အကျဈေးနဲ့ရှိနေရာမှ အရောင်းအဝယ် ပြန်အေးသွားတဲ့အတွက် ဈေးမြင့်ပေးဝယ်ယူတာတွေကြောင့် ဈေးအနည်းငယ် ပြန်မြင့်တက်လာတာ ဖြစ်နိုင်တယ်လို့ ကုန်သည်အချို့က ခန့်မှန်းပါတယ်။ ဆက်ပြီးတက်နိုင်ခြေ ရှိ/မရှိဆိုတာတော့ ခန့်မှန်းရခက်နေတဲ့အခြေအနေဖြစ်တယ်လို့ သုံးသပ်ရပါတယ်။

မတ်ပဲကတော့ လက်ရှိအခြေအနေအရ အိန္ဒိယနိုင်ငံရဲ့ ရွေးကောက်ပွဲအခြေအနေနဲ့ တင်းကြပ်နေတဲ့ စစ်ဆေးတာတွေကြောင့် ဈေးကျဆင်းနေပေမဲ့ ပဲလိုအပ်ချက် မြင့်မားနေတာဖြစ်လို့ လတ်တလောကာလအတွင်း ဈေးကျဆင်းနေတာလို့ ကုန်သည်အချို့က ခန့်မှန်းထားတာဖြစ်လို့ ရွေးကောက်ပွဲအပြီး ဇွန်လလောက်ထိ စောင့်ကြည့်ရမဲ့ အခြေအနေဖြစ်ပါတယ်။

ပဲစင်းငုံနီကလည်း ဈေးဆက်ပြီး မြင့်တက်လာပါတယ်။ အိန္ဒိယလိုအပ်ချက်အပြင် ပြည်တွင်းလက်ကျန်လျော့နည်းနေတာကြောင့်လည်း ထုတ်ရောင်းတာမျိုးမလုပ်ဘဲ လှောင်ထားဆဲအခြေအနေရှိကြတယ်လို့ ကုန်သည်အချို့ကဆိုပါတယ်။ အိန္ဒိယနိုင်ငံအတွင်းမှာတော့ ရွေးကောက်ပွဲအခြေအနေနဲ့ စစ်ဆေးမှုတွေကြောင့် ဈေးကအေးနေပြီး အရောင်းအဝယ်လည်း အေးနေတယ်လို့ အိန္ဒိယသတင်းတွေမှာ ဖော်ပြထားပါတယ်။

ရန်ကုန်ဈေးကွက်မှာ မတ်ပဲ (FAQ/RC)က တစ်တန်ကို ၃,၁၅၅,၀၀၀ ပေါက်ဈေးရှိပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင်တော့ တစ်တန်ကို ၃၀,၀၀၀ နီးပါး ဈေးမြင့်တက်လာပါတယ်။ (SQ/RC)ကတော့ တစ်တန်ကို ၃,၄၂၀,၀၀၀ ပေါက်ဈေးရှိပြီး တစ်တန်ကို ၄၀,၀၀၀ နီးပါး ဈေးမြင့်တက်လာပါတယ်။ မတ်ပဲ Raw ကတော့ တစ်ပိဿာကို ၅၁၄၀ မှ ၅၁၇၅ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၃၀ ကျပ်ဈေးတက်ပါတယ်။

ရန်ကုန်ဈေးကွက်မှာ ပဲစင်းငုံနီက တစ်တန်ကို ကျပ် ၄,၀၈၂,၀၀၀ ကျပ် ပေါက်ဈေးရှိနေပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် တစ်တန်ကို ၂၄,၀၀၀ ကျပ်ဈေးမြင့်တက်လာပါတယ်။

ဈေးကောင်းနေတဲ့ ပဲတီစိမ်း အသစ်

ပဲတီစိမ်းကတော့ ဈေးကွက်ထဲကို အသစ်တွေအဝင်ရှိနေပြီး တရုတ်အဝယ်ရှိနေလို့ ဈေးကောင်းရရှိနေတယ်လို့ ကုန်သည်တွေထံကနေသိရပါတယ်။ အဟောင်းတွေက အရည်အသွေးပိုင်း အားနည်းနေတဲ့အတွက် အသစ်ကိုသာ ဦးစားပေးဝယ်ယူနေတယ်လို့ဆိုပါတယ်။ ပဲတီစိမ်းက ပြီးခဲ့တဲ့လအထိ အကျဈေးနဲ့ရှိခဲ့ရာမှ မေလအစမှာ ဈေးပြန်ရလာတာလည်းဖြစ်ပါတယ်။

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာတော့ ပဲတီစိမ်းဈေးတွေ ငြိမ်နေပေမဲ့ မန္တလေးဈေးကွက်မှာတော့ ပဲတီစိမ်း (အညာ)က တစ်အိတ်ကို ၁၈၅,၀၀၀ ကနေ ၁၈၇,၀၀၀ ကျပ်ရှိပြီး တစ်အိတ်ကို ၃၀,၀၀၀ ကျော်ထိ ဈေးမြင့်တက်လာပါတယ်။

**ဈေးဆက်တိုက် မြင့်တက်လာတဲ့ ပြောင်း**

ပြောင်းဆန်ကတော့ ဆက်တိုက်ဈေးမြင့်တက်နေပါတယ်။ ကုန်သွယ်ရေးလမ်းကြောင်း အဆင်ပြေနေတာဖြစ်ပြီး ပုံမှန်တင်ပို့မှုရှိနေတာဖြစ်တဲ့အတွက် အမြင့်ဈေးပေးပြီး ဝယ်ယူနေကြတယ်လို့ ပြောင်းတောင်သူအချို့ကပြောပါတယ်။ လက်ရှိမှာတော့ ကုန်းလမ်းကြောင်းအပြင် ရေကြောင်းကပါ တင်ပို့နေတာဖြစ်တယ်လို့ သိရပါတယ်။

ရန်ကုန်ဈေးကွက်မှာတော့ ပြောင်းဆန်တစ်ပိဿာကို ၁၁၀၀ မှ ၁၁၂၀ ကြားရှိပြီး တစ်ပိဿာကို ၃၀ ကျပ် ဈေးမြင့်တက်လာပါတယ်။

မန္တလေးဈေးကွက်မှာလည်း ပြောင်းစီပီ တစ်အိတ်ကို ၅၄,၀၀၀ ပေါက်ဈေးရှိနေပြီး တစ်အိတ်ကို ၂၅၀၀ ကျပ် ဈေးတက်လာပါတယ်။ ရှမ်းပြောင်းတွေကလည်း တစ်အိတ်ကို ၅၄,၀၀၀ ကျပ်ရှိပြီး တစ်အိတ်ကို ၂၅၀၀ ကျပ် ဈေးမြင့်တက်လာပါတယ်။ လက်ရှိ ဈေးပြန်မြင့်တက်လာပေမဲ့လည်း စိုက်စရိတ်ရရှိနေတဲ့အနေအထားမဟုတ်ဘူးလို့ တောင်သူတွေက ပြောပါတယ်။ ဒ့ါအပြင် ပြောင်းအများစုကတော့ တောင်သူလက်ထဲမှာ မရှိတော့ဘူးလို့သိရပါတယ်။

**Source: AMIA**

**Myanma Awba Group**

## ဧပြီလတစ်လတာ ကာလအတွင်း ပြည်ပသို့ ပျားရည်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃၁ သန်းရရှိထား

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလတစ်လတာ ကာလအတွင်း ပြည်ပသို့ ပျားရည်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၃၁ သန်းရရှိထားကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပျားလုပ်ငန်းဌာန ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးတင့်၏ ပြောပြချက်အရ သိရသည်။

"၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလ တစ်လတာကာလအတွင်း ပြည်ပကို ပုဂ္ဂလိက ကဏ္ဍကနေ ပျားရည်မက်ထရစ်တန် ၂၀ ဒသမ ၆ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃၁ သန်းရရှိထားပါတယ်။ ပျားရည်အနေနဲ့ ပန်းပေါင်းစုံပျားရည်နဲ့ ရော်ဘာပျားရည်ကို တင်ပို့ပါတယ်။ ဂျပန်နိုင်ငံနဲ့တောင်ကိုရီးယားနိုင်ငံကို အဓိကတင်ပို့ပါတယ်" ဟု ဦးမျိုးတင့်က ပြောသည်။

ဂျပန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့သို့ ပုဂ္ဂလိက ကဏ္ဍမှ ပျားရည်မက်ထရစ် တန် ၂၀ ဒသမ ၆ တန် တင်ပို့ပြီး

အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃၁ သန်းရရှိထားသည်။

ထိုသို့တင်ပို့ရာတွင် ဂျပန်နိုင်ငံသို့ ပျားရည်မက်ထရစ်တန် ၂၀ ဒသမ ၁ တန် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၀,၁၅၀ ရရှိခဲ့ပြီး တောင်ကိုရီးယားနိုင်ငံသို့ ပျားရည် မက်ထရစ်တန် သုည ဒသမ ၅ တန် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၇၅၀ ရရှိသည့်အတွက် ပြည်ပသို့ ပျားရည်မက်ထရစ်တန် ၂၀ ဒသမ ၆ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃၁ သန်း ရရှိခဲ့ခြင်းဖြစ်သည်။ ပျားရည်ကို ပြည်တွင်း၌ ဆေးဝါးအဖြစ် အသုံးပြုမှုများသကဲ့သို့ ပြည်ပနိုင်ငံများသို့လည်း တင်ပို့ကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/55886

## မြန်မာမတ်ပဲ အိန္ဒိယဈေးကွက်

မေလ ပထမသီတင်းပတ်အတွင်း ဧရာဝတီတိုင်းဒေသကြီး၏ မတ်ပဲဈေးနှုန်းများ ကျဆင်းလာခဲ့ပြီးနောက် ဒုတိယ သီတင်းပတ်မှစတင်၍ ဈေးအနည်းငယ် ပြန်တက်လာကြောင်း တွေ့ရသည်။

မေလ ၈ ရက်နေ့ ဈေးနှုန်းမှာ အနိမ့်ဆုံးဖြစ်ပြီး မတ်ပဲ ၁ တင်းဈေးနှုန်း ကျပ် ၉၉,၈၀၀ မှ မေလ ၉ ရက်နေ့တွင် ကျပ် ၁၀၀,၆၀၀၊ ၁၀ ရက်နေ့တွင် ကျပ် ၁၀၁,၅၀၀၊ ၁၁ ရက်နေ့မှ ၁၃ ရက်နေ့အထိ ကျပ် ၁၀၀၈၀၀ အသီးသီးဖြစ်ကြောင်းသိရှိရသည်။ ယခင်သီတင်းပတ်အတွင်း အိန္ဒိယနိုင်ငံတွင် မတ်ပဲကုန်လှောင်ရုံ လက်ကျန်နည်းပါးခြင်းကြောင့် ဈေးအနည်းငယ် တက်လာသော်လည်း ရာသီဥတုအပူချိန်မြင့်မားခြင်းကြောင့် စားသုံးမှု လျော့နည်းလျက်ရှိကြောင်းနှင့် လာမည့် ၂ ပတ်အတွင်း ပြည်တွင်းမတ်ပဲများ ဈေးကွက်သို့ အဝင်များပြားနိုင်ကြောင်း IPGA ကဖော်ပြထားပါသည်။

မြန်မာမတ်ပဲ exporter များအနေဖြင့် ကွန်တိန်နာဈေးနှုန်းကြီးမြင့်မှုကြောင့် မတ်ပဲတင်ပို့မှု နည်းပါးလျက်ရှိပြီး မြန်မာမတ်ပဲလက်ကျန် တန်ချိန် ၃ သိန်းမှ ၃သိန်းခွဲ ရှိမည်ဟု အိန္ဒိယဘက်က ခန့်မှန်းထားကြောင်းသိရသည်။

ဈေးကွက်အတွင်း နွေသီးနှံမတ်ပဲအဝင်များပြားလာနိုင်ခြင်းနှင့် စားသုံးမှုကျဆင်းခြင်း၊ ပဲခွဲစက်များကလည်း မတ်ပဲကို သိုလှောင်ရုံလက်ကျန်မထားဘဲ တိုက်ရိုက်ကြိတ်ခွဲရောင်းချခြင်းတို့သည် ပြည်တွင်းမတ်ပဲဈေးနှုန်းအပေါ် သက်ရောက်လာနိုင်ကြောင်း၊ ပြည်တွင်းမတ်ပဲ အဝင်များလာသော်လည်း ပဲခွဲစက်များကမူ ဈေးသက်သာသော ပြည်ပမှတင်သွင်းသည့်မတ်ပဲကို ပိုမိုဝယ်ယူလာနိုင်ကြောင်း IPGA ကသုံးသပ်ထားသည်။

အိန္ဒိယနိုင်ငံသည် မတ်ပဲအများဆုံးဝယ်ယူတင်သွင်းပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မတ်ပဲတန်ချိန် ၅ ဒသမ ၂၄ သိန်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တန်ချိန် ၆ ဒသမ ၂၃ သိန်း ဝယ်ယူတင်သွင်းခဲ့သည်။ အာဖရိကတီးနားနိုင်ငံနှင့် ဘရာဇီးနိုင်ငံတို့ကလည်း မတ်ပဲစိုက်ပျိုးထုတ်လုပ်၍ အိန္ဒိယနိုင်ငံသို့ တင်ပို့လျက်ရှိရာ ဘရာဇီးနိုင်ငံသည် ယခင်နှစ်က မတ်ပဲတန်ချိန် ၅၀၀၀ အိန္ဒိယနိုင်ငံသို့ တင်ပို့ခဲ့ပြီး ယခုနှစ် ဇွန်၊ ဇူလိုင်လများအတွင်း တန်ချိန် ၅၀၀၀၀ တင်ပို့ရန်မျှော်လင့်ထားသည်။

နိုင်ငံချင်းထိစပ်နေသည့် အားသာချက်ကြောင့် မြန်မာမတ်ပဲဝယ်ယူတင်သွင်းမှုက အိန္ဒိယနိုင်ငံအတွက် ပိုမိုအဆင်ပြေ သော်လည်း ဘရာဇီးနိုင်ငံ၏ မတ်ပဲတင်ပို့မှုသည် မြန်မာမတ်ပဲ ဈေးကွက်အတွက် စိန်ခေါ်မှုတစ်ရပ် ဖြစ်လာနိုင်ကြောင်း သုံးသပ် ရရှိပါသည်။

အိန္ဒိယနိုင်ငံ၏ ရွေးကောက်ပွဲကာလပြီးနောက် မတ်ပဲဝယ်လိုအားနှင့် မတ်ပဲခွဲခြမ်းရောင်းဝယ်မှု ပြန်အားကောင်းလာနိုင် ကြောင်းနှင့် မြန်မာမတ်ပဲတင်ပို့မှုနှင့်ဈေးနှုန်းသည် အိန္ဒိယနိုင်ငံ၏ မတ်ပဲဈေးနှုန်းအပေါ် လွှမ်းမိုးမှုရှိနိုင်ကြောင်း IPGA က သုံးသပ်ထားသည်။

**Source: ရောကုန်သွယ်မြှင့်**

https://myantrade.gov.mm/article/ayeyar_14052024_0943

## အတက်/အကျကြမ်းနေသည့် ငွေလဲလှယ်နှုန်းအပေါ် အာဆီယံ+(၃) နိုင်ငံများက စိုးရိမ်

ဂျပန်၊ တရုတ်၊ တောင်ကိုရီးယားနှင့် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) တို့သည် ၎င်းတို့၏ငွေကြေးများ အမေရိကန်ဒေါ်လာနှင့်နှိုင်းယှဉ်ပါက တန်ဖိုးဆက်လက်ကျဆင်းနေသည့်ကြားက နိုင်ငံခြားငွေလဲလှယ်မှုဈေးကွက်တွင် ဈေးကစားမှုကြောင့် ငွေလဲနှုန်းအတက်/အကျကြမ်းနေမှုအပေါ် စိုးရိမ်မိကြောင်း သောကြာနေ့က အသိပေးထုတ်ပြန်ထားသည်။

ဂျော်ဂျီယာနိုင်ငံ၊ Tbilisi မြို့၌ အစည်းအဝေးပြုလုပ်ခဲ့သည့် အာဆီယံ+ (၃) နိုင်ငံများမှ ဘဏ္ဍာရေးဝန်ကြီးများနှင့်ဗဟိုဘဏ် ဥက္ကဋ္ဌများသည် ဒေသတွင်းစီးပွားရေးကို အနှောင့်အယှက်ဖြစ်စေသည့် မတည်ငြိမ်မှု ပိုမိုမြင့်မားလာသော နိုင်ငံခြားငွေလဲလှယ်မှု ဈေးကွက်နှင့် စပ်လျဉ်းသည့် ပူးတွဲကြေညာချက်တစ်ခုကို ထုတ်ပြန်ကြေညာခဲ့ကြသည်။ ဂျပန်ဘဏ္ဍာရေးဝန်ကြီး Shunichi Suzuki က “ ငွေလဲ နှုန်းတည်ငြိမ်ရန် လိုလားပြီး အတက်/အကျကြမ်းစေမည့် ဆောင်ရွက်ချက်များကို မလိုလားကြောင်း” သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားခဲ့သည်။

အာရှနိုင်ငံများ၌ ငွေကြေးဖောင်းပွမှုနှင့်ပတ်သက်၍ စိုးရိမ်မှုများတိုးလာကြောင်း၊ ယခုနှစ်စမှစ၍ ထိုင်းဘတ်ငွေသည် ဒေါ်လာနှင့်ယှဉ်လျှင် ၇ ရာခိုင်နှုန်းကျော် ကျဆင်းခဲ့ကြောင်းနှင့် အင်ဒိုနီးရှား ရူပီးသည်လည်း ၅ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ ဧပြီလက အင်ဒိုနီးရှားဗဟိုဘဏ်သည် (၆) လအတွင်း ပထမဆုံးအကြိမ် အတိုးနှုန်းမြှင့်လိုက်ကြောင်း၊ ဧပြီလ ၂၉ ရက်နေ့က အမေရိကန် ၁ ဒေါ်လာလျှင် ဂျပန်ယန်း ၁၆၀ အောက်သို့ ယာယီကျဆင်းခဲ့ပြီး (၃၄) နှစ်အတွင်း အနိမ့်ဆုံးအဆင့်သို့ ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း၊ ထို့နောက် ဂျပန်ယန်းသည် ၁၅၄ သို့ ပြန်လည်ခုန်တက်ခဲ့ကြောင်း၊ သောကြာနေ့ နယူးယောက် ဈေးကွက် ပိတ်ဈေးအရ ယန်းငွေသည် ဒေါ်လာနှင့်ယှဉ်လျှင် ၁၅၂ အထက်တွင်ရှိခဲ့ပြီး ငွေဈေးနှုန်းအတက်အကျ ဆက်လက် ဖြစ်ပေါ်မှုကြောင့် ၁၅၁ အထက်ထိ ရောက်ရှိခဲ့ကြောင်း ဂျပန်သတင်းဌာန Takashi Itoda က ရေးသားဖော်ပြထားသည်။

ဂျပန်အစိုးရနှင့်ဗဟိုဘဏ်တို့မှ ယန်းငွေကိုပြန်လည်ဝယ်ယူပြီး ဒေါ်လာထုတ်ရောင်းခြင်းစသည့် နိုင်ငံခြားငွေလဲနှုန်းအပေါ် ဝင်ရောက်စွက်ဖက်နိုင်ခြေနှင့်ပတ်သက်၍ ဂျပန်ဘဏ္ဍာရေးဝန်ကြီး Shunichi Suzuki က သီးခြားမှတ်ချက်ပြုပြောကြားခဲ့ခြင်း မရှိသော်လည်း “ငွေလဲနှုန်းအတက်/အကျကြမ်းလာလျှင် တည်ငြိမ်အောင် ထိန်းချုပ်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း” ပြောကြားခဲ့သည်။

အာဆီယံ+ (၃) နိုင်ငံများသည် ငွေကြေးဂယက်များအတွက် ကြိုတင်ပြင်ဆင်ခဲ့သည့် ဒေသတွင်း ငွေကြေးလဲလှယ်မှု အစီအစဉ်ဖြစ်သော ချင်းမိုင်ကနဦးအစီအစဉ်ကို တိုးချဲ့ဆောင်ရွက်သွားရန်နှင့် ကူးစက်ရောဂါများပျံ့နှံ့မှုကဲ့သို့သော အရေးပေါ် အခြေအနေများကို တုံ့ပြန်နိုင်ရေးဆိုင်ရာ မူဘောင်တစ်ခု ဖြစ်ပေါ်လာစေရေးတို့ကို သဘောတူညီခဲ့ကြသည်။

ဂျပန်နိုင်ငံနှင့်ပစိဖိတ်ကျွန်းနိုင်ငံများမှ ဘဏ္ဍာရေးဝန်ကြီးများကလည်း ပထမဆုံးအကြိမ်တွေ့ဆုံခဲ့ပြီး ကိစ္စရပ်များစွာအနက် ရာသီဥတုပြောင်းလဲမှုဆိုင်ရာကိစ္စရပ်ကို ပူးပေါင်းဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြသည်။

**Source: [https://asianews.network](https://asianews.network)**

**ကုန်သွယ်ရေးဦးစီးဌာန – WTO ဌာနခွဲ**

https://www.commerce.gov.mm/my/article/update-news-international-trade/%E1%

## အိန္ဒိယနိုင်ငံ၏ စားအုန်းဆီတင်သွင်းမှု ယခုနှစ် ဧပြီလ၌ ၄၁ ရာခိုင်နှုန်းမြင့်တက်ခဲ့

စားအုန်းဆီဈေးနှုန်းများ ကျဆင်းလာမှုအရ ပြန်လည် သန့်စင်သည့် စက်ရုံများ၏ ဝယ်ယူမှုများပြားလာသဖြင့် အိန္ဒိယ နိုင်ငံ၏ ၂၀၂၄ ခုနှစ် ဧပြီလအတွင်း စားအုန်းဆီတင်သွင်းမှုသည် ယခင်လကထက် ၄၁ ရာခိုင်နှုန်းမြင့်တက်လျက် သုံးလတာကာလ ၌ အမြင့်ဆုံးသို့ ရောက်ရှိခဲ့သည်ဟု ကုန်သည်လုပ်ငန်းရှင် ၅ ဦးက ပြောဆိုကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြပါသည်။

ကမ္ဘာ့အကြီးဆုံး စားအုန်းဆီတင်သွင်းသည့် နိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံ၏ ဝယ်ယူမှုမြင့်မားခြင်းက မလေးရှားနိုင်ငံ စားအုန်းဆီကြိုရောင်းဈေးကွက်၌ စံပြုရောင်းဝယ်သည့် FCPOc3 အဆင့် စားအုန်းဆီကြမ်း၏ ၃ လအတွင်း အနိမ့်ဆုံးဈေးနှုန်းသို့ ရောက်ရှိနေမှုကို တိုးတက်လာစေဖွယ်ရှိသည်။ အဆိုပါ ကုန်သည်များက အိန္ဒိယနိုင်ငံအနေဖြင့် ဧပြီလအတွင်း စားအုန်းဆီ တန်ချိန် ၆၈၂,၀၀၀ ခန့် တင်သွင်းခဲ့သည်ဟု ခန့်မှန်းထားကြသည်။



စားသုံးဆီကုန်သွယ်မှုနှင့် ပွဲစားလုပ်ငန်းတစ်ခုဖြစ်သော GGN Research မှ စီမံခန့်ခွဲရေးမိတ်ဖက်ဆောင်ရွက်သူ Rajesh Patel က မကြာသေးမီကာလ၌ ဈေးနှုန်းများပြန်လည်ချိန်ညှိခဲ့မှုအရ စားအုန်းဆီသည် ပဲပုပ်ဆီနှင့်နေကြာဆီတို့ထက် ဝယ်ယူသူများအား ပိုမိုဆွဲဆောင်နိုင်မှုရှိလာကြောင်း ပြောကြားခဲ့သည်။ ကုန်သည်များ၏ ပြောဆိုချက်အရ ဇွန်လတွင် အိန္ဒိယဆိပ်ကမ်းအရောက်တင်ပို့မည့် သင်္ဘောတင်စရိတ်၊ အာမခံကြေးနှင့်သယ်ယူပို့ဆောင်စရိတ်များပါဝင်သော CIF ဈေးနှုန်း သည် စားအုန်းဆီကြမ်းအတွက် ၁ တန်လျှင် ၉၂၀ အမေရိကန်ဒေါ်လာ (မလေးရှား ရင်းဂစ် ၄၃၈၄) ခန့်ရှိပြီး ပဲပုပ်ဆီကြမ်းနှင့် နေကြာဆီကြမ်းတို့မှာ ၁ တန်လျှင် ၉၂၀ ဒေါ်လာနှင့် ၉၄၅ ဒေါ်လာခန့် အသီးသီးရှိကြောင်းသိရှိရသည်။ လွန်ခဲ့သော ၁ လခန့်ကမူ စားအုန်းဆီကြမ်းဈေးနှုန်းသည် အဆိုပါ ပြိုင်ဘက်စားသုံးဆီများထက် ၁ တန်အပေါ်တွင် ဒေါ်လာ ၅၀ ခန့် ပိုမိုမြင့်မားနေခဲ့သည်။

ဝယ်ယူသူများအနေဖြင့် နေကြာဆီတင်သွင်းမှုကိုလျှော့ချလျက် စားအုန်းဆီသို့ ပြောင်းလဲဝယ်ယူလာကြသဖြင့် အိန္ဒိယနိုင်ငံ၏ စားအုန်းဆီတင်သွင်းမှုမှာ မေလတွင် တန်ချိန် ၇ သိန်းခန့်အထိ မြင့်တက်လာနိုင်သည်ဟု Sunvin Group စားသုံးဆီကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ် Sandeep Bajoria က ပြောဆိုသည်။

ဧပြီလအတွင်း အိန္ဒိယနိုင်ငံ၏ နေကြာဆီတင်သွင်းမှုမှာ တန်ချိန် ၂၃၃,၀၀၀ ခန့်ရှိပြီး ယခင်လထက် ၄၈ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ ပဲပုပ်ဆီတင်သွင်းမှုမှာမူ တန်ချိန် ၃၉၁,၀၀၀ ရှိပြီး ၇၉ ရာခိုင်နှုန်း တိုးတက်လျက် ၁၀ လအတွင်း အမြင့်ဆုံး ရောက်ရှိခဲ့ကြောင်း၊ ပြန်လည်သန့်စင်ထုတ်လုပ်ရာတွင် အမြတ်အစွန်း ပိုမိုရရှိသဖြင့် ထိုကဲ့သို့ တင်သွင်းမှုမြင့်တက်ရခြင်း ဖြစ်ကြောင်း၊ စားအုန်းဆီနှင့်ပဲပုပ်ဆီတို့ ကို တင်သွင်းမှုမြင့်မားခြင်းက အိန္ဒိယနိုင်ငံ၏ ဧပြီအတွက် စားသုံးဆီတင်သွင်းမှုကို ၁၃ ရာခိုင်နှုန်း တိုးတက်လျက် တန်ချိန် ၁ ဒသမ ၃ သန်းအထိ ရောက်ရှိစေခဲ့ကြောင်း ကုန်သည်များက ပြောကြားခဲ့ကြသည်။

**Source: The Edge Malaysia, 2 May 2024**

**(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

**Source: https://www.doca.gov.mm**

https://myantrade.gov.mm/article/naypyitaw_14052024_645

## ငါးမြစ်ချင်းဈေးကျနေခြင်းနှင့် ငါးအစာဈေးမြင့်တက်နေခြင်းကြောင့် ငါးမွေးမြူရေးလုပ်ကိုင်သူများ အရှုံးပေါ်နေ



လက်ရှိတွင် ပြည်တွင်း ဒေသထွက် ငါးမြစ်ချင်းငါးများကို ပြည်ပသို့ အကန့်အသတ်ဖြင့်သာ တင်ပို့ရောင်းနေခြင်းကြောင့် ပြည်တွင်းဈေးကွက်တစ်ခုတည်းကိုသာ အားကိုးနေရချိန်ဖြစ်သည်။

ထိုအချိန်မျိုးတွင် ငါးမြစ်ချင်း ငါးဈေးနှုန်းကျဆင်းနေပြီး ငါးအစာဈေးများပါ မြင့်တက်နေခြင်းကြောင့် ငါးမွေးမြူရေးလုပ်ကိုင်သူများ အရှုံးပေါ်နေကြောင်း ဧရာဝတီတိုင်းအတွင်းမှ ငါးမွေးမြူရေး လုပ်ငန်းရှင်များ၏ ပြောပြချက်အရ သိရသည်။

လက်ရှိတွင် ငါးမြစ်ချင်း ငါးတစ်ပိသာလျှင် ၄၅၀၀ ကျပ်အထိ ဈေးကျဆင်းနေကြောင်းသိရသည်။ "ငါးမြစ်ချင်းငါး မွေးမြူရေးလုပ်ငန်းမှာအသုံးပြုနေတဲ့ ဖွဲနု၊ ပဲဖတ်တွေက ဈေးနှုန်းမြင့်နေတယ်။ ရေပေါ်ငါးစာတွေကို ကျွေးမွေးနေရတဲ့ လုပ်ငန်းရှင်တွေလည်း ရှိလာတယ်။ ငါးမြစ်ချင်းငါးက ဈေးတော်တော်ကျနေချိန်၊ ငါးအစာတွေကလည်း ဈေးအရမ်းမြင့်နေတယ်"ဟု မွေးမြူရေးလုပ်ငန်းရှင်တစ်ဦးကပြောသည်။

ဧရာဝတီတိုင်းတွင် ငါးမြစ်ချင်း ငါးမွေးမြူရေးလုပ်ငန်းကို မအူပင်၊ ပန်းတနော်၊ ဝါးခယ်မ၊ ဘိုကလေး၊ ဓနုဖြူ၊ မော်လမြိုင်ကျွန်း စသည့်မြို့နယ်များ၌ အဓိကလုပ်ကိုင်ကြသည်။

**Source:** https://www.popularmyanmar.com/?p=158715

## မိုးရာသီ နီးလာပြီဖြစ်သဖြင့် ယခုမေလအတွင်း ဥစားဘဲ အရောင်းအဝယ်များကောင်းလာ



ယခုလအတွင်း ဥစားဘဲမွေးမြူရေးဈေးကွက်တွင် ဝယ်လိုအားနှင့် ရောင်းလိုအားများကောင်းရခြင်းမှာ မိုးဦးကာလနီးကပ်သဖြင့် ဥစားဘဲများအား မွေးမြူရေးခြံသမားက ရာသီဥတုကို တွက်ချက်ကာ မွေးမြူကြသဖြင့်ရောင်းဝယ်အားကောင်းနေခြင်းဖြစ်ကြောင်း ဘဲမွေးမြူရေးနှင့်ဥစားဘဲရောင်းဝယ်ရေးမှ သိရသည်။

"ဒီလတွေကအရောင်းအဝယ်ပိုကောင်းတယ်။ ရောင်းအားလည်း ပိုကောင်းတယ်၊ ဘာဖြစ်လို့လည်းဆိုတော့ ဒီလရာသီက ဘဲကိုခြံသမားတွေက အများဆုံးထည့်ကြတာပဲလေ။ နောက်တစ်ခုက မိုးကလည်း ကျကာနီးဆိုတော့ ရာသီဥတုအခြေအနေကိုတွက်ပြီး ဒီလက ဘဲထည့်ကြတာများတယ်။ ရောင်းလိုအား ဝယ်လိုအားလည်း ကောင်းတယ်။ ဘဲဥဈေးတွေကလည်း ဒီချိန်မှာတည်ငြိမ်နေတော့ ဘဲကိုထည့်ကြတာများတယ်ပေါ့"ဟု ဧရာဝတီတိုင်း မအူပင်မြို့နယ်မှ ကျော်စွာဘဲမွေးမြူရေးနှင့်ဥစားဘဲရောင်းဝယ်ရေး" မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ဥစားဘဲမွေးမြူရေးဈေးကွက်မှာ လာမည့် ယခုမေလမှဇွန်လကုန်အထိ ဈေးကွက်ကောင်းနေမည်ဖြစ်သော်လည်း မိုးဦးကာလများတွင် အရောင်းအဝယ်အနည်းငယ်အေးမည်ဟုခန့်မှန်းထားကာ လာမည့်ဒီဇင်ဘာနှင့်ဇန်နဝါရီလများတွင် ဈေးကွက်ကောင်းလာမည်ဖြစ်ကြောင်းသိရသည်။

ပြည်တွင်းရှိ ဘဲမွေးမြူရေးသည် စီးပွားရေးအရ တွက်ခြေကိုက်သည့်အပြင် သေချာစွာတစ်ပိုင်တစ်နိုင်လုပ်ကိုင်ပါက အများဆုံး (၂) နှစ်မှ (၃) နှစ်အတွင်း ဝင်ငွေကောင်းကာ စီးပွားလမ်းဖြောင့်သော လုပ်ငန်းတစ်ခုဖြစ်ကြောင်း သိရသည်။

**Source:** https://www.popularmyanmar.com/?p=158630

## မကွေးပွဲရုံနှင့်ရေနံချောင်းပွဲရုံတို့တွင် ကြက်သွန်နီအရောင်းအဝယ် အခြေအနေ



မကွေးတိုင်းဒေသကြီး၊ မကွေးဈေးကွက်အတွင်း စားဖိုဆောင်သုံး သီးနှံတစ်မျိုးဖြစ်သည့် ကြက်သွန်နီဈေးနှုန်းများ ကျဆင်းလာပါသည်။ ၂၀၂၄ခုနှစ်၊ မေလ(ပထမပတ်)တွင် ကြက်သွန်နီ ၁ ပိဿာလျှင် ကျပ် ၁၈၀၀-၂၀၀၀-၂၂၀၀ ရှိခဲ့ပြီး မေလ(ဒုတိယပတ်)တွင် ကျပ် ၁၆၀၀-၁၇၀၀-၁၈၀၀ ဖြစ်၍ ကျပ်၂၀၀-၃၀၀-၄၀၀ ကျဆင်းလာကြောင်း၊ ရေနံချောင်း၊ ပခုက္ကူ၊ မြစ်သားတို့မှ ဝယ်ယူကြောင်း၊ ကြက်သွန်နီများကို ပွဲရုံမှတစ်ဆင့် မင်းဘူး၊ သရက်၊ ကံမ၊ နတ်မောက်၊ ငဖဲမြို့များမှ ပြန်လည်ဝယ်ယူကြပြီး တစ်နေ့လျှင် ပိဿာချိန် ၁၀၀၀ ခန့်၊ တစ်ပတ်လျှင် တန်ချိန် ၉ တန်ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ပွဲရုံများမှ သိရှိရသည်။

ရေနံချောင်းဈေးကွက်တွင်လည်း ဒေသထွက်ကုန်ဖြစ်သော ကြက်သွန်နီ ဈေးနှုန်းများမှာ မေလ (ဒုတိယပတ်)တွင် ယခင်တစ်ပတ်အတိုင်း ကျပ် ၁၆၀၀-၁၈၀၀-၂၀၀၀ ဖြစ်၍ ဈေးနှုန်းပြောင်းလဲမှု မရှိကြောင်း၊ ဆိပ်ဖြူ၊ ပခုက္ကူ၊ တောင်တွင်းကြီးမြို့များမှ ဝယ်ယူကြောင်း၊ ပွဲရုံမှတစ်ဆင့် ရန်ကုန်၊ ပြည်၊ အောင်လံမြို့သို့ တင်ပို့ရောင်းချပြီး တစ်နေ့လျှင် ပိဿာချိန် ၁၀,၀၀၀ ခန့်၊ တစ်ပတ်လျှင် တန်ချိန် ၉၇ တန်ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ပွဲရုံများမှ သိရသည်။

Source: DOCA(မကွေး) https://www.doca.gov.mm/my/node/19957

## မကွေးကုန်စည်ဒိုင်၏ ပဲ၊ နှမ်းမျိုးစုံအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းအခြေအနေ



မကွေးတိုင်းဒေသကြီး၊ မကွေးမြို့ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း မကွေးကုန်စည်ဒိုင်တွင် စလင်း၊ ဆင်ဖြူကျွန်း၊ သစ်ရာကောက်၊ နတ်မောက်၊ မိကျောင်းရဲ၊ ပျောင်းတော်ဦး၊ ကံသစ်၊ ရွာဟောင်းကန်တို့မှထွက်ရှိသော ပဲနှင့် နှမ်းမျိုးစုံတို့ အများဆုံးဝင်ရောက်လျက်ရှိကြောင်း သိရသည်။

ယခုတစ်ပတ်တွင် အရောင်းအဝယ်မှာ နည်းပါးလျက်ရှိကြောင်း၊ ကုလားပဲတို့သာ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ၂၀၂၄ခုနှစ်၊ မေလ(ပထမပတ်)တွင် ကုလားပဲ(929) ၁၉ ပိဿာ ၁ တင်းလျှင် ကျပ် ၈၀၀၀၀၊ ကုလားပဲ(HL) ကျပ် ၇၉,၀၀၀ ဖြစ်ပြီး ယခု(ဒုတိယပတ်)တွင် ကုလားပဲ (929) ကျပ် ၇၈,၅၀၀၊ ကုလားပဲ (HL) ကျပ် ၇၇,၅၀၀ ဖြစ်၍ ကျပ် ၁၅၀၀ စီ ဈေးနှုန်းကျဆင်းသွားကြောင်း၊ ကုလားပဲ (929)နှင့် ကုလားပဲ (HL)တစ်ပတ်အတွင်း အိတ်ပေါင်း ၆၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ရန်ကုန်မြို့မှ အများဆုံး ဝယ်ယူလျက်ရှိကြောင်း သိရသည်။

၂၀၂၄ ခုနှစ် မေလ ၁၀ ရက်နေ့တွင် မကွေးကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်ပေါ်နေသော သီးနှံဈေးနှုန်းများမှာ နှမ်းနက်စမုန် ၁၅ ပိဿာ ၁ တင်းလျှင် ကျပ် ၁၃၂,၀၀၀၊ နှမ်းဖြူ ၁၅ ပိဿာ ၁ တင်းလျှင် ကျပ် ၁၃၂,၀၀၀၊ နှမ်းနီ (မကွေး) ၁၅ ပိဿာ ၁ တင်းလျှင် ကျပ် ၁၁၇,၀၀၀၊ နှမ်းနီ (နယ်စ) ၁၅ ပိဿာ ၁ တင်းလျှင် ကျပ် ၁၁၂,၀၀၀၊ ပဲလွန်းဝါ ၁၉ ပိဿာ ၁ တင်းလျှင် ကျပ် ၅၅,၀၀၀၊ ကုလားပဲ (929) ၁၉ ပိဿာ ၁ တင်းလျှင် ကျပ် ၇၈,၅၀၀၊ ကုလားပဲ (HL) ၁၉ ပိဿာ ၁ တင်းလျှင် ကျပ် ၇၇,၅၀၀၊ ပဲကြီးဖြူ (လတ်) ၁၉ ပိဿာ ၁ တင်းလျှင် ကျပ် ၇၅,၀၀၀၊ ပဲကြီးဖြူ(သေး) ၁၉ ပိဿာ ၁ တင်းလျှင် ကျပ် ၆၇,၀၀၀၊ ပဲကြီးဖြူ (ပြားကြီး) ၁၉ ပိဿာ ၁ တင်းလျှင် ကျပ် ၈၅,၀၀၀၊ ပဲကြီးမဲ (ချင်း) ၁၉ ပိဿာ ၁ တင်းလျှင် ကျပ် ၇၇,၀၀၀၊ ပဲထောပတ်၁၉ ပိဿာ ၁ တင်းလျှင် ကျပ်၁၁၁,၀၀၀၊ ပဲစင်းငုံနီ ၂၀ ပိဿာ ၁ တင်းလျှင် ကျပ် ၁၂၉,၀၀၀၊ မတ်ပဲ ၂၀ ပိဿာ ၁ တင်းလျှင် ကျပ်၁၀၀,၀၀၀၊ လုံးဆန်နီ ၁ ပိဿာလျှင် ကျပ် ၆၂၀၀- ၆၃၀၀၊ လုံးဆန်ဖြူ ၁ ပိဿာလျှင် ကျပ် ၆၈၀၀-၇၀၀၀၊ မြေပဲဆန် (အောက်ကျ) ၁ပိဿာလျှင် ကျပ် ၄၈၀၀-၅၀၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

Source: DOCA(မကွေး)

https://www.doca.gov.mm/my/node/19955

## STOCK EXCHANGE (14.5.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 14th May, 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 9,703 (Shares) | 19,209,300 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | +0 | +0.00% | 8,900 | 8,900 | 8,800 | 90 | 797,000 | 33,109,694 | 291,365 |
| MTSH | 00002 | 2,900 | +50 | +1.75% | 2,850 | 2,900 | 2,850 | 6,750 | 19,245,000 | 38,929,150 | 112,895 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 0 | 0 | 10,400,986 | 82,168 |
| FPB | 00004 | 1,500 | -50 | -3.23% | 1,500 | 1,500 | 1,500 | 6,403 | 9,604,500 | 29,664,613 | 44,497 |
| TMH | 00005 | 2,900 | +200 | +7.41% | 2,650 | 2,900 | 2,650 | 34 | 98,050 | 12,823,224 | 37,187 |
| EFR | 00006 | 1,650 | -50 | -2.94% | 1,700 | 1,700 | 1,650 | 419 | 711,900 | 19,977,223 | 32,962 |
| AMATA | 00007 | 4,500 | -100 | -2.17% | 4,600 | 4,600 | 4,500 | 11 | 50,500 | 10,497,598 | 47,239 |
| MAEX | 00008 | 2,150 | -50 | -2.27% | 2,200 | 2,200 | 2,150 | 104 | 227,800 | 23,804,946 | 51,181 |

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 15th May, 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 371.10 | +0.25 | +0.07% | 371.94 | 373.36 | 371.10 | 9,703 | 19,209,300 | 8 | 699,957 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 15th May, 2024

| Trading Volume | Trading Value |
|---|---|
| 9,703 (Shares) | 19,209,300 (MMK) |

## Main Board

As of 1:00 pm, 15th May, 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 9,703 (Shares) | 19,209,300 (MMK) |

| MYANPIX | 371.10 ▲ 0.25 |
|---|---|
| Total Volume (shares) | 9,703 |
| Total Value (MMK) | 19 mil |
| Listed Company | 8 |
| Market Cap. (MMK) | 699,957 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▼ 100 |
| MTSH | 00002 | 2,850 | ▼ 50 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 1,550 | ▲ 50 |
| TMH | 00005 | 2,900 | ▲ 0 |
| EFR | 00006 | 1,750 | ▲ 100 |
| AMATA | 00007 | 4,600 | ▲ 100 |
| MAEX | 00008 | 2,200 | ▲ 50 |